ထုတ်ပြန်ကြေငြာချက်

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၆ ရက် ဇွန်လ ၂၀၁၃ ခုနှစ်

၂၆ ရက် ဇွန်လ ၂၀၁၃ ခုနှစ်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီမှ မူးယစ်ဆေးဝါးအန္တရာယ်ကို တတ်အားသ၍ အားသွန်ခွန်စိုက် တားဆီးကာကွယ်ပေးကြသော နိုင်ငံတော်အစိုးရ၊ အဖွဲ့အစည်းအသီးသီးနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းအား အထူးလေးစားဂုဏ်ယူအပ်ပါသည်။

မူးယစ်ဆေးဝါး ဆန့်ကျင်ရေးသည် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၏ မူဝါဒ၌ အဓိကအရေးပါသော ကဏ္ဍတရပ်အနေနှင့် ပါရှိနေသဖြင့် ခေတ်အဆက်ဆက်မှ လက်ရှိကာလထိတိုင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီသည် မူးယစ်ဆေးဝါ အန္တရာယ်ကို တားဆီးနှိမ်နင်းခြင်းဖြစ်ပါသည်။

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီသည် ယင်းသို့သော ပွင့်လင်းပြတ်သားသည့် မူဝါဒများ ချမှတ်ထားသဖြင့် နိုင်ငံတော်အစိုးရနှင့်အပစ်မရပ်ခင်ကာလ အတွင်းတွင်လည်း ဘိန်းဖြူ၊ ဘိန်းစိမ်း၊ စိတ်ကြွဆေးပြားများ၊ အိုက်စ်ဆေးခဲများ၊ မူးယစ်ဆေးဝါးဖော်စပ်ရာတွင် ပါဝင်သည့် ဓါတုပစ္စည်းများ၊ ထုတ်လုပ်သည့် အထောက်အကူ ပစ္စည်းများအပြင် ဘိန်းချက်စခန်း မြောက်များစွာကိုလည်း သိမ်းပိုက်ဖျက်ဆီးခဲ့ပါသည်။ မိမိတို့အုပ်ချုပ်ရေး နယ်မြေအတွင်းတွင်လည်း ဆေးစွဲသူများကို ဆေးဖြတ်ပေးခြင်း၊ မူးယစ်ဆေးဝါး ဘေးအန္တရာယ် အသိပညာပေး သင်တန်းများဖွင့်လှစ်ပို့ချခဲ့ပါသည်။

သျှမ်းပြည်ပြည်လည်ထူထောင်ရေးကောင်စီသည် နိုင်ငံတော်အစိုးရနှင့် အပစ်ရပ်သဘောတူညီမှုရယူပြီးနောက် မူးယစ်ဆေးဝါးအားပူးတွဲ တိုက်ဖျက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအား လက်ကမ်းခဲ့ပါသည်။ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းများသည် အဓိက ကဏ္ဍတစ်ရပ်အနေဖြင့် နိုင်ငံတော်အစိုးရနှင့် တွေ့ဆုံဆွေးနွေးပွဲ (၄) ကြိမ်တိုင်းတွင် ထည့်သွင်း၍ သဘောတူညီမှု ရရှိခဲ့သည်။ လက်တွဲ အကောင်အထည်ဖော်ဆောင်ရေးအတွက် စီမံကိန်းများရေးဆွဲပြီး ပြည်နယ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကော်မတီနှင့် အကြိမ်ကြိမ် ဆွေးနွေးခဲ့ပါသည်။

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီမှ လွယ်တိုင်းလျဲန်း ဗဟိုဌာနချုပ် အပါဝင် လဲချားမြို့နယ်နှင့် အုပ်ချုပ်ရေး နယ်မြေများ အသီးသီးတွင် မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးသည့် အခန်းအနားများ ကျင်းပခဲ့ပါသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရွှေလင်းယုန်ဆုကို လက်ခံရရှိခဲ့ပါသည်။ မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်းများအပြင် အစားထိုးသီးနှံစိုက်ပျိုးခြင်း အကောင်ထည်ဖော်ဆောင်နိုင်ရန် နိုင်ငံတော်ဗဟိုမူးယစ်အဖွဲ့ UNODC နှင့် အပြန်အလှန်ဆက်သွယ်ခဲ့ပါသည်။ ယင်းမူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာသင်တန်းအား ဗဟိုဌာနချုပ်တွင် ဖွင့်လှစ်ပြီး ဖေဖော်ဝါရီမှစ၍ ဧပြီလကုန်အထိ မိုးနဲမြို့နယ်နှင့် မိုင်းပန်မြို့နယ်သို့ ကွင်းဆင်းလေ့မှု ပြုလုပ်ခဲ့ပါသည်။

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌကြီး ဦးဆောင်၍ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီသည် နေပြည်တော်သို့ ရောက်ရှိပြီး မိမိစီမံကိန်းနှင့်လုပ်ငန်းစဉ်များကို နိုင်ငံတော် သမ္မတအပြင် UNODC နှင့်လည်းတွေ့ဆုံဆွေးနွေးခဲ့ပါသည်။

RCSS အနေဖြင့် ဆွေးနွေးခဲ့သည်မှာ
(၁) စီမံကိန်းနေရာတွင် လုပ်ဆောင်ရန်လိုအပ်သည့် အချက် (၃) ချက်
- (က) စိုက်ပျိုးရေးလုပ်ငန်း
- (ခ) စိုက်းပျိုးရေးနှင့် အသိပညာပေး လှုံ့ဆော်မှုလုပ်ငန်း
- (ဂ) ဆေးဖြတ်ခြင်းနှင့် ဘဝပြန်လည်ထူထောင်ပေးခြင်း

(၂) RCSS နှင့် ဗဟိုမူးယစ် လုပ်ဆောင်ရန်လိုအပ်သည့် အချက် (၃) ချက်
- (က) ထူထောင်ရေးလုပ်ငန်းများအား နှစ်ဦးနှစ်ဖက် အားပေးကူညီခြင်း
- (ခ) မည်သည့်နေရာမဆို၊ မည်သူမဆို မူးယစ်ဆေးဝါးနှင့် ပတ်သက်သူများအား ထိရောက် စွာ အရေးယူရန်
- (ဂ) အခြားသော အိမ်နီးချင်းနိုင်ငံမှ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူများအား အတူလက်တွဲ၍ တားဆီးရန်။

(၃) စီမံကိန်းနေရာတွင်

(က) လုံခြုံရေးအား နှစ်ဦးနှစ်ဖက် တာဝန်ပေးသူများမှအပ တခြားသူများဝင်ရောက်ခြင်း မရှိစေရန်

(ခ) မည်သည့်စစ်ဖက်မှ ဝင်ရောက်စွက်ဖက်ခြင်းမရှိစေရန်

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီသည် မိမိစီမံကိန်းရှိသည်နှင့်အလျောက် UNODC ချမှတ်ထားသော ၅ နှစ်စီမံကိန်းမှ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ဗဟိုမူးယစ်နှင့် အဖွဲ့အသီးသီးတို့နှင့်လက်တွဲကာ ကုလသမဂ္ဂမှချမှတ်ထားသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်အစားထိုးသီးနှံစိုက်ပျိုးရေးစည်းမျဉ်းနှင့်အညီ ပူးတွဲလုပ်ဆောင်မည့်အချက်ကို ဤအပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့မှ အတူတကွပူးတွဲ ညှိနိုင်း လုပ်ဆောင်သွားရန် အဆင်သင့်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ